ဧရာဝတီမြစ်ဝကျွန်းပေါ်အမျိုးသားများပြည်နယ်ကောင်စီ

Irrawaddy Delta Nationalities State Council (IDNSC)

Email. idnsc21@gmail.com...Phone. +66 65657691

# ဧရာဝတီမြစ်ဝကျွန်းပေါ်အမျိုးသားများပြည်နယ်ကောင်စီက ( ၂၅ ) နှစ်မြောက် ကယန်းအမျိုးသား နေ့သို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ

၂၀၂၅ခုနှစ်၊ဧပြီလ ( ၁၀ ) ရက်

ယနေ့သည် ၂၅ နှစ်မြောက် ကယန်းအမျိုးသားနေ့ ( ငွေရတုသဘင်ပွဲတော်နေ့ ) ဖြစ်ပါသည်။ ဤကောင်းမြတ်သော နေ့ထူး နေ့မြတ်အခါသမယတွင် ပြည်တွင်း ပြည်ပဒေသအသီးသီး၌ နေထိုင်ကြသည့် ကယန်းအမျိုးသား အားလုံး ကျမ္မာ ရွှင်လန်း ကြပါစေကြောင်း ဧရာဝတီမြစ်ဝကျွန်းပေါ် အမျိုးသားများပြည်နယ်ကောင်စီ အနေဖြင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကယန်းအမျိုးသားများ၏သမိုင်းသည် တန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက် အစဥ်တစိုက်တိုက် ပွဲဝင်ခဲ့သည့် တော်လှန်သမိုင်းဟု ဆိုရမည်ဖြစ်ပါသည်။ ကယန်းအမျိုးသားများသည် ကိုယ်ပိုင်ယဥ်ကျေးမှု ဘာသာစကားနှင့် ရိုးရာဓလေ့ထုံးတမ်းများ အခိုင်အမာရှိသည့် သမိုင်းအစဥ်အလာကြီးမားသည့် တိုင်းရင်းသားမျိုးနွယ်စုကြီးဖြစ်ပါသည်။

၂၀၀၀ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကယန်းအမျိုးသား ပထမညီလာခံမှ ဧပြီလ ၁၀ရက် နေ့ကို ကယန်းအမျိုးသားနေ့အဖြစ် သတ်မှတ်ရန်ဆုံးဖြတ်ခဲ့ကြပါသည်။ ယနေ့သည် ၂၅နှစ်မြောက် ကယန်း အမျိုးသားနေ့ဖြစ် သကဲ့သို့ ငွေရတုသဘင်ပွဲတော်နေ့လည်းဖြစ်ပါသည်။

ဤကောင်းမြတ်သော နေ့ထူးနေ့မြတ်တွင် ကျွန်ုပ်တို့ ဧရာဝတီမြစ်ဝကျွန်းပေါ်အမျိုးသားများပြည်နယ်ကောင်စီ အနေဖြင့် ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဝမ်းသာဂုဏ်ယူမိပါကြောင်း ပြောလိုပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ် အမျိုးသားများပြည်နယ်ကောင်စီသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ တိုင်းရင်း သားလူမျိုးပေါင်းစုံကို စစ် ၃ စစ်မှ လွတ်မြောက်ရေးအတွက်၄င်း တိုင်းရင်းသားလူမျိုးတိုင်း တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးကို၄င်း အခိုင်အမာ အာမခံသည့် မူဖြင့်တိုက်ပွဲဝင်လျက်ရှိပါသည်။

သို့ပါ၍ ကယန်းအမျိုးသားများနှင့်အတူ ငြိမ်းချမ်းသော သာယာဝပြောသော တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်း ခွင့်ကို အာမခံသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုထူထောင်ရေးတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်အမျိုးသားများပြည်နယ် ကောင်စီအနေဖြင့် ခိုင်မာသောမဟာမိတ်များအဖြစ် ထာဝရလက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း လေးနက် တည်ကြည်စွာ ဤဂုဏ်ပြုသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

မန်းဖန်းရှောင်း

ဥက္ကဋ္ဌ

ဧရာဝတီမြစ်ဝကျွန်းပေါ်အမျိုးသားများပြည်နယ်ကောင်စီ